**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ( ၇ / ၂၀၁၆ )**

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)**

# ရေကြောင်းမတော်တဆမှုများအားစုံစမ်းစစ်ဆေးရန်ကိစ္စ

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၄၆ နှင့် ၂၄၇ ပါ ပြဋ္ဌာန်းချက်များအား ကျင့်သုံးရာတွင် လိုက်နာရမည့် လိုအပ်သော ညွှန်ကြားချက်များကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄–ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပိုင်နက်ရေပြင်နှင့် အထူးစီးပွားရေးဇုံများအပါအဝင် မည်သည့်နေရာဒေသ တွင်မဆို ဖြစ်ပွားသော ရေကြောင်းဘက်ဆိုင်ရာ မတော်တဆမှုများနှင့် သက်ဆိုင်စေရမည်။

၃။ ရေကြောင်းမတော်တဆမှုဖြစ်ပွားသည့်အကြောင်း သတင်းရရှိသည့် အခါသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုရုံးများသည် ပုဒ်မ ၂၄၇၊ ပုဒ်မခွဲ (၁) နှင့်အညီ ကနဦးထူးခြားဖြစ်စဉ်ကို ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ရုံးချုပ်သို့ ဆောလျှင်စွာသတင်းပို့ရမည်။ ညွှန်ကြားရေးမှူးချုပ်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနသို့ အချိန်နှင့်တပြေးညီ ဆက်လက်သတင်းပေးပို့သွားမည်ဖြစ်သည်။

၄။ အထက်အပိုဒ် ၂ ပါနေရာဒေသများ တွင်ဖြစ်ပွားသော ရေယာဉ်များ၊ သင်္ဘောများ နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်သော မတော်တဆမှုများအားလုံးကို ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (၁)၊ (၂)၊ နှင့် (၃) တို့အရ စုံစမ်းစစ်ဆေးရေးပြုလုပ်ရာတွင်မတော်တဆမှုဖြစ်ပွားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးခွဲမှ အကြီးအကဲသည် ဖြစ်စဉ်အပေါ် ကနဦး စုံစမ်း စစ်ဆေးခြင်းပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စောနိုင်သမျှဆောလျှင်စွာ စတင် ဆောင်ရွက်ရမည်။ အဖွဲ့ခေါင်းဆောင်သည် သက်ဆိုင်ရာရုံးခွဲမှ ဖြစ်ရမည်။ ထိုအကြီးအမှူးသည် စုံစမ်းစစ်ဆေးရေး သင်တန်းတက်ရောက်ထားခြင်းမရှိပါက သင်တန်းတက်ရောက်ထားပြီးသူ တစ်ဦးက ဦးဆောင်ရမည်။

၅။ စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်မည့်အဖွဲ့သည် ပုဒ်မ ၂၄၇၊ ပုဒ်မခွဲ (၂) ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အခင်းဖြစ်ပွားရာနေရာ၊ ရေယာဉ်၊ ပစ္စည်းများ နှင့် သက်ဆိုင်သည့် လူပုဂ္ဂိုလ် များအား စစ်ဆေးခွင့်ရှိသည်။ ထိုသို့စစ်ဆေးမှုဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် ၏ Resolution MSC.255(84) Casualty Investigation Code (CI Code) နှင့် အညီ ဖြစ်နိုင်သမျှ လိုက်နာရမည်။

၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုပြီးစီးသည့်အခါ အောက်ပါအချက်များ ပါဝင်သော အစီရင်ခံစာကို ရုံးချုပ်သို့ ပေးပို့ရမည်။

(က) ဖြစ်စဉ်အကျဉ်း

(ခ) ဖြစ်ပွားချိန်တွင်ရှိသောနယ်မြေနှင့်ရာသီဥတုအခြေအနေ

(ဂ) ထိခိုက်မှု၊ သေကြေမှုနှင့် ဆုံးရှုံးမှုများ

(ဃ) ဖြစ်စဉ်ဖြစ်ပွားရသည့်အကြောင်းရင်း သုံးသပ်ချက်

(င) နောင်အလားတူမတော်တဆမှုများ ဖြစ်ပွားခြင်းမှ ကာကွယ်ရန် ဆောင်ရွက်ရမည့် အကြံပြုချက်များ

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏အစီရင်ခံစာနှင့် အစီရင်ခံစာပါ အချက်အလက်များကို စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များမှတပါး အခြား မည်သည့်လူပုဂ္ဂိုလ် နှင့် အဖွဲ့အစည်းများကို အသိပေးခြင်း၊ ပေးအပ်ခြင်း နှင့် ဖြန့်ဝေခြင်းမပြုရ။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်